# သောတာပတ္တိမဂ်ဉာဏ်၏ ဂုဏ်ကျေးဇူးများ

၁။ မပယ်ဘူးမြဲ ကိလေသာ ဖောက်ခွဲပယ်ခွင်းသည်။

၂။ အဆုံးမထင် ဝဋ်ရေယဉ် ကင်းစင်ထောက်စေသည်။

၃။ အပါယ်လေးပါး လမ်းပေါက်များ တံခါး ပိတ်စေသည်။

၄။ အရိယာဥစ္စာ ခုနစ်ဖြာ ကောင်းစွာရစေသည်။

၅။ အင်္ဂါရှစ်ပါး မဂ်လမ်းမှား ပယ်ရှားသုတ်သင်သည်။

၆။ ဘေးရန်ခပ်သိမ်း ရှောင်ခွာတိမ်း ကင်းငြိမ်းစေပါသည်။

၇။ ရွှေရင်တော်နှစ် သားတော်မြစ် စင်စစ်ရောက်စေသည်။

၈။ ရာပေါင်းများစွာ နိသံသာ သောတာမဂ်က ပေးပါသည်။

သောတာမဂ်ဉာဏ် ထူးခြားဟန် မှတ်ရန်ဖော်ပြသည်။

(ဝိသုဒ္ဓိမဂ်၊ ၂၊ ၃၀၄)

ဘေး (၂၅) မျိုး

ဇာတိဘေး၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ (၄)

မင်း၊ သူခိုး၊ မီး၊ ရေ၊ (၄)

လှိုင်းဘေး၊ မိကျောင်း၊ ဝဲဘေး၊ ငါးမန်း (၄)

ကိုယ့်ကိုယ်ကို စွပ်စွဲသည့်ဘေး၊ သူတပါးက စွပ်စွဲသည့်ဘေး၊

မင်းဒဏ်၊ အပါယ်ဘေး (၄)

ဉာတိဗျသန၊ ဘောဂ၊ ရောဂ၊ သီလ၊ ဒိဋ္ဌိဗျသန (ဗျသန ငါးပါးဘေး)

အသက်မွေးမှုဘေး၊ အကဲ့ရဲ့ခံရလို့ ကြောက်ခြင်းဘေး၊

ပရိသတ်ထဲဝင်ရမှာ ကြောက်သောဘေး၊ အစရှိတာတွေပါသည့်ဘေး (၄)